တောင်ဖီလာကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ဖီလာကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် -
LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တောင်ဖီလာကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၉
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၄
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၃
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


သြဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ဖီလာကျေးရွာ

မြိတ်မြို့နယ်

တောင်ဖီလာကျေးရွာ ကျေးရွာ သယ်ဇာတပြမြေပုံ၊ မြိတ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ဖီလာကျေးရွာသည် ကဟန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး မြိတ်မြို့နယ်၏ အနောက်တောင်ပိုင်း၊ မြောက်လတ္တီကျူ ၁၂° ၂၂' ၁၉"နှင့် ၉၈° ၄၃' ၃၅" အကြား၊ အရှေ့ လောင်ဂျီကျူ ၁၂° ၂၂' ၁၉" နှင့် ၉၈° ၄၄' ၄၈" အကြားတွင် တည်ရှိပါသည်။ အရှေ့မှ အနောက်သို့ (၂.၅) မိုင်နှင့် တောင်မှမြောက်သို့ (၀.၆) မိုင် ရှည်လျားပါသည်။ မြိတ်မြို့နှင့် (၃၂) မိုင် ကွာဝေးပါသည်။ ကဟန်းကျေးရွာအုပ်စု၏ ဧရိယာမှာ (၂.၈၅) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ကဟန်းကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် စလွန်းကျေးရွာအုပ်စု၊ တောင်ဘက်တွင် တနသံ်ရီမြစ်၊ အနောက်ဘက်တွင် ပြင်းငယ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင် အင်္ဂမော်ကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက် ရှိပါသည်။ တောင်ဖီလာကျေးရွာတွင် တောင်ကုန်းတောင်တန်းများရှိပြီး တောင်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာ ရှိပါသည်။ ကဟန်းကျေးရွာအုပ်စုသည် မြစ်ချောင်းများရှိသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့်မြစ်မှာ တနသံ်ရီမြစ်ရှိပြီး မြစ်ချောင်းအများစုမှာ ရေငန်များဖြစ်ပါသည်။ အဆိုပါမြစ်များမှ အခြားကျေးရွာအုပ်စုများသို့ စက်လှေငယ်များဖြင့် သွားလာနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ဖီလာကျေးရွာတွင် ပူနွေးစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၀.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၄.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ သဘာဝပေါက်ပင်များဖြစ်သော ဂန့်ဂေါ်၊ ကနစို့၊ သင်္ဘန်း၊ ဥဘန်၊ ကညင်ပင်များ ပေါက်ရောက်ပါသည်။ ဒီရေရောက်တောတွင် ဗြူး(ပရုန်း)ပင်၊ ကဗြုံပင်၊ ပင်လယ်အုန်း စသည့် အပင်များပေါက်ရောက်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင်၊ သင်းခွေချပ်၊ ဂျီ၊ တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုးတို့ အနည်းငယ် တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်ဖီလာကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိ/ဖအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့၊ မြစိမ်းရောင်ကော်မတီ၊ မီးလင်းရေးကော်မတီ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပေ။ အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်ဖီလာကျေးရွာတွင် လယ်မြေ (၆၆၉.၂၇) ဧက၊ ဥယျာဉ်ခြံမြေ (၁၂၂.၈၃) ဧက၊ ခနိတောမြေ (၅၈.၂၁) ဧကနှင့် စားကျက်မြေ (၇၀) ဧက၊ စုစုပေါင်း (၉၂၀.၃၁) ဧက ရှိပါသည်။။ မြေယာပိုင်ဆိုင်သူသည် စုစုပေါင်း အိမ်ထောင်စု၏ (၈၇.၁၆%) ရှိပြီး မြေယာမဲ့ အိမ်ထောင်စု (၂၈) အိမ်ရှိပါသည်။ သီးနှံအထွက်နှုန်း မကောင်းသဖြင့် ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံရုံမျှသာရှိပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိပေ။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မိုးရေကိုသာ အားထားစိုက်ပျိုးကြပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် ရေအရင်းအမြစ်များ မရှိပေ။

ကျေးရွာတွင် စပါးသီးနှံကို အဓိကထားစိုက်ပျိုးကြပြီး မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဆားငန်ရေဝင်မှုရှိခြင်း၊ ဓာတ်မြေဩဇာ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ သိရှိမှုနည်းပါးခြင်း စသည်တို့ကြောင့် စပါးအထွက်နှုန်း နည်းပါးနေရခြင်း ဖြစ်ပါသည်။ ဆင်းရဲသား တောင်သူအများစုသည် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းလုပ်ကိုင်နေသူများသည့်အတွက် လယ်လုပ်ချိန်တွင် စိုက်ပျိုးချိန်တွင် တပြေးညီ မပြီးစီးသည့် အခက်အခဲများ ကြုံတွေ့နေရပါသည်။

သီးနှံအထွက်နှုန်း တိုးစေရန်အတွက် မိုးရေကိုသာ အဓိက အားထားရပြီး၊ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မလုံလောက်သည့်အတွက် စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။

သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေဆီဩဇာမကောင်းခြင်း၊ နည်းပညာ ဗဟုသုတ နည်းပါးခြင်း၊ စိုက်ပျိုးရေးအရင်းအမြစ် အလွယ်တကူမရရှိနိုင်ခြင်းနှင့် ကောင်းမွန်

သော သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်း သက်သာသော ချေးငွေများ အလွယ်တကူ မရရှိခြင်းတို့ ရှိသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လသာကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၈) အိမ်ရှိပြီး နွားကောင်ရေ (၁၀၈) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၈) စုမှ (၁၄) ကောင်၊ အိမ်ထောင်စု (၂၀) အိမ်မှ ဝက် (၁၉၃) ကောင်၊ အိမ်ထောင်စု (၁၁၀) အိမ်မှ ကြက် (၈၄၃၀) ကောင်၊ အိမ်ထောင်စု (၅၀) အိမ်မှ ဘဲ (၈၄၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြရပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက် ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသော်လည်း ကျေးရွာသည် မြို့နှင့်အလှမ်းဝေးသည့်အတွက် မွေး/ကုဉီးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီ လာရောက် မကုသနိုင်ခြင်းများ ရှိပါသည်။ မွေးမြူရေး၊ ကုသရေးနှင့်သက်ဆိုင်သည့် နည်းပညာပေးသင်တန်းများ လိုအပ်နေပါသည်။

တောင်ဖီလာကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေနှင့်ရေ အသင့်အတင့် ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူမည်ဆိုပါက အဆင်ပြေနိုင်မည်ဖြစ်ပြီး ကျေးရွာသည် မြို့နှင့် မနီးမဝေးတွင် ရှိသည့်အတွက် ထုတ်ကုန်များကို လွယ်ကူစွာနှင့် ရောင်းချနိုင်သည်။ မျိုးကောင်းတိရစ္ဆာဆန်များလွယ်ကူစွာ ဝယ်ယူမရရှိခြင်း၊ ငါး/ပုဇွန်သားပေါက်များ လုံးဝ ဝယ်ယူ၍ မရသောအခြေအနေများ၊ နည်းပညာ ဝန်ဆောင်မှု လက်လှမ်းမမီခြင်းများ ရှိနေသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ဖီလာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် ရောင်းချကြသော ဈေးဆိုင်ငယ်များ၊ အပ်ချုပ်သမားအနည်းငယ်နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ အများအပြား ရှိပါသည်။ ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ အလွန်ကောင်းမွန်သည့် အနေအထား မဟုတ်သော်လည်း သွားလာရ အဆင်ပြေပါသည်။ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန် အသက်မွေး ဝမ်းကျောင်းသင်တန်းများ လိုအပ်နေပါသည်။

တောင်ဖီလာကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေအတွက် ကာလရှည်ချေးငွေလိုအပ်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးတိုင်များ ရှိသော်လည်း ယခုအချိန်ထိ (၂၄) နာရီမီး မရရှိသေးသဖြင့် အသေးစားလုပ်ငန်းများ မစတင်နိုင်သေးခြင်း စသည့် အခက်အခဲများ ရှိနေပါသည်။

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ငါး၊ ပုစွန်၊ ငပိ၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ ပါဝင်ပါသည်။ မြိတ်မြို့နှင့် သွားလာရ မနီးမဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ဖီလာကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေမရယူသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထား သည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်း မရှိသူများ ချေးခ်မရသည်များရှိ ပါသည်။ ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများ ထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်ဖီလာကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေး ကိစ္စ တွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၈၉) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာကျီ (၉) စီး၊ ကား (၇) စီးရှိပြီး ရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ၎င်းယာဉ်များဖြင့် အဓိက ပို့ဆောင်ကြပါသည်။ ကျေးရွာအတွင်း ဓနိဖက်ခုတ်၊ ထင်းရောင်း လုပ်ကိုင်နေသည့် လူ (၅)

စီးရှိပါသည်။ တောင်ဖီလာကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြု သော်လည်း ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းအကျဉ်း ရှိပါသည်။

ကျေးရွာတွင်းရှိ လမ်း (၄) လမ်းသည် မြေသားလမ်း၊ ကျောက်ချောလမ်းများ ဖြစ်ကြ သည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်း များဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြင့်တင်လိုပြီး၊ ကျေးရွာချင်းဆက်လမ်း သည် မြေသားလမ်းဖြစ်သည့်အတွက် သွားလာရအခက်အခဲ ဖြစ်နေပါသည်။ ကျေးရွာတွင်း လမ်းများတွင် ကွန်ကရစ်တံတား (၃) စင်းရှိပြီး အခြေအနေ ကောင်းမွန်ပါသည်။ လက်ရှိ ပြင်ဆင်ရန် လိုအပ်နေသော ရေပြွန် (၂) စင်းကို ကွန်ကရစ် တံတားအဖြစ် လုပ်ဆောင်လိုကြ ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တောင်ဖီလာကျေးရွာတွင် လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ ရောက်ရှိထားပြီး လျှပ်စစ် မီး မရရှိသေးပါ။ ယခုလက်ရှိ အခြေအနေတွင် ဆိုလာမီး၊ ဒီဇယ်အင်ဂျင်မီးနှင့် ဖယောင်း တိုင်မီးကိုသာ အသုံးပြုနေရပါသည်။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်မီးဖြင့် မီးလင်းမှု ရရှိစေရန် အတွက် ညနေ (၆) နာရီမှ (၁၀) နာရီအထိ မီးပေးထားပါသည်။ တစ်လ ကို (၁၂,၀၀၀)ကျပ် ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဆိုလာမီး၊ ဖယောင်းတိုင် နှင့် ရေနံဆီမီးခွက် တို့ကို အသုံးပြုနေရသည့်အတွက် မီးဘေးအန္တရာယ်အတွက် အလွန်စိုးရိမ်ရပါသည်။ လျှပ် စစ်မီး အသုံးမပြုနိုင်သောအိမ်များတွင် ကျောင်းသား/သူများအတွက် ပညာရေးအခက်အခဲ ဖြစ်စေပြီး သတင်းအချက်အလက် နည်းပညာဗဟုသုတများ ကိုလေ့လာရန် အခက်တွေ့စေ ပါသည်။ လျှပ်စစ်မီးရရှိပါ က ကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍ တိုး တက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမို ကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက် ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်ဖီလာကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၄၇) လုံး၊ ရေဒီယို (၂၆) လုံး၊ တီဗွီ (၉၂) လုံး၊ ဂြိုလ်တုစလောင်း (၆၂) လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်း မရှိပါ။ ကျေးရွာတွင် (၂၄) နာရီမီးလင်းမှု မရရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်ဘဲ

သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ တာဝါတိုင်ရှိသည့် အတွက် ကျေးရွာတစ်ရွာလုံး ဆက်သွယ်ရေးကောင်းပါသည်။

၆။ ပညာရေး

တောင်ဖီလာကျေးရွာတွင် စာတတ်မြောက်မှု (၁၀၀) ရာခိုင်နှုန်း ရှိပါသည်။ ဘွဲ့ရသူ ဦးရေ (၅၁) ဦးအထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၄၀၇) ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၃၇၅) ဦးရှိပြီး အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူနှုန်းတို့မှာ တစ်ဝက်နှုန်းကွာသည့်အတွက် အထက်တန်းပညာ ပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်နေပါသည်။

ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၂၅၉) ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိသည့် အတွက် ကျောင်းသား/သူများ အခြားကျေးရွာတွင် တက်ရောက်စရာမလိုဘဲ အချိန်ကုန် သက်သာပြီး အလွန်ပင်ကောင်းမွန်လှပါသည်။

ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုး (၁၃၀၀) ပေ ကာရံရန် လိုအပ်နေပါသည်။ ကျောင်းဆရာ/ ဆရာမများ နေထိုင်ရန်အတွက် လေးခန်းတွဲ ဝန်ထမ်းအိမ်ယာ တစ်လုံး၊ ကျောင်းသား/သူများ ဗဟုသုတ ရှာဖွေရန်အတွက် ကျောင်းစာကြည့်တိုက်နှင့် သုံးခန်းတွဲအိမ်သာ (၂) လုံး လိုအပ်လျက်ရှိပါသည်။ ကျောင်းသား /သူ ဦးရေမှာ (၆၀၀) ကျော်နှင့် ကျောင်းဆရာ/ဆရာမ (၁၅) ဦး ရှိပါသည်။ ကျောင်းဆရာ/ ဆရာမများ မလုံလောက်သည့်အတွက် ကျေးရွာမှ (၁၀) ဦး ခန့်ထားရပါသည်။

စာသင် ကျောင်းဆောင် သုံးဆောင်အား ပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သောက်သုံးရေ မလုံလောက်သဖြင့် တွင်းတိမ်တစ်တွင်းနှင့် ရေကန်တစ်ကန် တည်ဆောက် ရန် လိုအပ်နေပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့် အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ အသင့်အတင့် အနေအထားသာ ရှိပါသည်။ ကျောင်းသား/သူများ ကျောင်းနေပျော်ရွှင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာမှုကို ဆောင်ရွက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောင်ဖီလာကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍ မရှိပါ။ သွေးလွန်တုပ်ကွေး၊ ဆီးချိုနှင့် သွေးတိုးရောဂါများ အနည်းအကျဉ်း ဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေး

နှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ကာကွယ် ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိပါသည်။

တောင်ဖီလာကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့် အတွက် ကျေးရွာနှင့် (၁) မိုင်အကွာတွင် ရှိသော ကဟန်းကျေးရွာအုပ်စုရှိ ကျေးလက် ကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှု ခံယူရပါသည်။ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်မှသာ မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသ ကြပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များ သီးသန့်မရှိသော်လည်း ကုန်စုံဆိုင်ငယ်များတွင် အိမ်သုံးဆေးများ ဝယ်ယူရရှိနိုင်ပါသည်။

တောင်ဖီလာကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၈၀) တွင်းနှင့် အဝီစိတွင်း/ စက်တပ် (၅) တွင်း ရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရာသီသုံးမျိုးလုံးတွင် သောက်သုံးရေ အလုံအလောက် ရှိပါသည်။

တောင်ဖီလာကျေးရွာတွင် တစ်ရွာလုံးနီးပါး သန့်ရှင်းသော အိမ်သာ သုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်း ရောဂါနှင့် ပတ်သက်သောရောဂါများ၊ ရာသီအလိုက် ကျန်းမာရေးနှင့် ပတ်သက်သော အသိ ပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်ဖီလာကျေးရွာတွင် တစ်နှစ်လျှင်တစ်ကြိမ် ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လေ့ ရှိပါသည်။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ လည်း မထားရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိသဖြင့် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

တောင်ဖီလာကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့်ပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီး များသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချ ဧကန် တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏

တစ်နေ့အနည်းဆုံး လုပ်အားခသည် (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၅၀၀၀) ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးဦးဆောင် သော ဆင်းရဲသည့် အိမ်ထောင်စုများတွင် ဝမ်းစာဖူလုံမှု အားနည်းပါသည်။ အမျိုးသမီး များ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများ အတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ကဟန်း			ကျေးရွာအမည် - တောင်ဖီလာ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၇	စိုက်ပျိုးရေး	စက်ကိရိယာ	ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းခြင်း (သို့) အရစ်ကျ ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ်မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် - ကဟန်း			ကျေးရွာအမည် - တောင်ဖီလာ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
	လုပ်ငန်းများဆိုင်ရာ			
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ် ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၁၃၀၀) ပေအား အုတ်တံတိုင်းဖြင့် ကာရန်ခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	သုံးခန်းတွဲ အိမ်သာ (၂) လုံး တည်ဆောက်ခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆရာ/ဆရာမအတွက် လေးခန်းတွဲဝန်ထမ်းအိမ်ယာတစ်လုံး တည်ဆောက်ခြင်း။	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း။	
၂၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင် (၃) ဆောင်အား ပြင်ထိန်းလုပ်ငန်း ဆောင်ရွက်ခြင်း။	
၂၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	တွင်းတိမ်တစ်တွင်းနှင့် ရေကန်တစ်ကန် တည်ဆောက်ခြင်း။	
၂၃	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန် စီစဉ်ပေးခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အရှေ့ပိုင်း (၁) လမ်း (၀၀၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	

ကျေးရွာအုပ်စုအမည် - ကဟန်း			ကျေးရွာအမည် - တောင်ဖီလာ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အရှေ့ပိုင်း (၂) လမ်း (၀၀၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အနောက်ပိုင်းလမ်း (၀၀၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အထဲပိုင်းလမ်း (၀၀၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာချင်းဆက်လမ်း (၀၀၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းရှိ ရေပြွန် (၂) စင်းအား ကွန်ကရစ်တံတားအဖြစ် ပြင်ဆင်ခြင်း။	
၃၀	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာဦးစီးဌာန/ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပြုလုပ်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် စာကြည့်တိုက်/ လေ့လာသင်ယူရေး နေရာတစ်ခု ဖန်တီးခြင်း။	
၃၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၃၄	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၃၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း။	
၃၆	သယံဇာတနှင့်သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၃၇				
၃၈				
၃၉				
၄၀				

တောင်ဖီလာကျေးရွာ၊ ကဟန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအေးထွန်း	ဦးဘို	ဖ/မအရ(နိုင်) ၀၇၄၉၅၃	၄၈	ဥက္ကဋ္ဌ	
၂	ဦးမောင်လွင်	ဦးဖိုးတင်	ဖ/မအရ(နိုင်) ၀၇၄၈၅၂	၅၈	အတွင်းရေးမှူး	
၃	ဒေါ်လှမူ	ဦးစောညွန့်	ဖ/မမန(နိုင်) ၁၅၀ဖဖ၅	၃၉	ဘဏ္ဍာရေးမှူး	
၄	ဒေါ်ခင်ဝင်း(ခ)ချိုချိုဝင်း	ဦးသန်းဝင်း	ဖ/မအရ(နိုင်) ၀၃ဖ၃၉၉	၄၈	စာရင်းကိုင်	
၅	ဒေါ်သီတာချို	ဦးအင်ဆွေ	ဖ/မမန(နိုင်) ၁၂၈၄၁၅	၃၅	စာရင်းစစ်	
၆	ဦးဉာဏ်အေး	ဦးသောင်း	-	၃၇	အဖွဲ့ဝင်	
၇	ဦးချစ်ဦး	ဦးမောင်မျိုး	ဖ/မမန(နိုင်) ၁ဖ၇၄ဖ၇	၂၄	အဖွဲ့ဝင်	
၈						
၉						
၁၀						
၁၁						
၁၂						
၁၃						
၁၄						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁၀	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၇	၁၈	၄၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၅	၃၈	၈၃
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၃	၅၁	၁၀၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇၀	၃၈၆	၇၅၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၈	၂၁	၃၉
စုစုပေါင်း		**၅၁၈**	**၅၂၄**	**၁၀၄၂**
စုစုပေါင်း အိမ်ထောင်စု		**၂၁၈**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။တောင်ဖီလာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၁၈) အိမ်ရှိပြီး လူဦးရေပေါင်း (၁,၀၄၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၄%)၊ ၅နှစ်အောက်ကလေးအရွယ် (၄.၃%)၊ မူလတန်းကျောင်းသားအရွယ် (၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၇%) ရှိပါသည်။ ပျမ်းမျှ အနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၃.၇%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၃၇၀) ဦး၊ မ (၃၈၆) ဦး စုစုပေါင်း (၇၅၆) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၂.၅%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁၀၈	၁၀၄	-	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၄၄	၈၈	-	မြင့်☑လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	-	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၂	၂	၂၀	မြင့်☐လတ်☐နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၅	၅	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၇	၂၁	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁၃	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၉	၅၈	၂၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁၃	မြင့်□လတ်□နိမ့်☑
	စုစုပေါင်း	၂၁၈	၂၇၉	၉၈	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"**ထပ်မံ

ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စုများမှာ အများဆုံးဖြစ်ပါသည်။ ရေလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု (၆) အိမ်ရှိပြီး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ (၆) အိမ်ရှိပါသည်။ အခြား အိမ်ထောင်စုများမှာ အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ကုမ္ပဏီတွင် လုပ်ကိုင်သူများ၊ ပညာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက် ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆,၀၀၀	၅,၀၀၀	၅,၀၀၀	၄,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀,၀၀၀	၅,၀၀၀	၇,၀၀၀	၃,၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တောင်ဖီလာကျေးရွာတွင် လယ်ယာ စိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင်

နေ့စားပုတ်ပြတ် အဖြစ်ဝင်ရောက် လုပ်ကိုင်သူ အများဆုံးဖြစ်ပါသည်။ တစ်နေ့တွင် အမျိုးသား (၅,၀၀၀) မှ (၆,၀၀၀) ကျပ်၊ အမျိုးသမီး (၄,၀၀၀) မှ (၅,၀၀၀) ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား (၅,၀၀၀) မှ (၁၀,၀၀၀) ကျပ်၊ အမျိုးသမီး (၅၀၀၀) မှ (၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင် ရှားပါးသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန် လိုအပ်နေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၆၉.၂၇	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၂၂.၈၃	ကောင်း ☑	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၅၈.၂၁	ကောင်း ☐	သင့် ☑	ညံ့ ☐
စားကျက်မြေ	၇၀	ကောင်း ☐	သင့် ☐	ညံ့ ☑
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	**၉၂၀.၃၁**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်သာ ကောင်းမွန်သည့် အခြေအနေတွင်ရှိပါသည်။ စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်ရောက်မှုရှိသည့်အတွက် မြေဆီလွှာ ပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။ ပိုးမွှားရောဂါကျရောက်မှု ရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေးသင်တန်းများပို့ချပေးရန် လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ဆောင်းသီးနှံများ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ဖီလာကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်း မရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး ကျောက်၊ သဲ၊ ကျောက်စရစ်စသည့် ထုတ်လုပ်မှုများ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း:			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၅၀**	**၈၀**	**၆၀**	**၂၈**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်ဖီလာကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၅၀) အိမ်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၈၀) အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါမည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၄၀.၃၆%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(ဂ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ဖီလာကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေများ မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ဖီလာကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှု ရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများ၊ သစ်တောပြုန်းတီးခြင်းများ မရှိပါ။ ဆားငန်ရေဝင်ရောက်ခြင်း အနည်းငယ် ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန် ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်မှု အားနည်းသဖြင့် အခက်အခဲ အနည်းငယ်ရှိပါသည်။ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းများ မရှိပါ ။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
